


VOLUME I, ISSUE 3 3 January 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားများ ကျင်းပပြုလုပ် | ၁ |
| ၂ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၃ |
| ၃ | ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျဆက်လက်လက်ခံလျက်ရှိ | ၅ |
| ၄ | ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ | ၆ |
| ၅ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၁၃ သန်းကျော်ရရှိ | ၈ |
| ၆ | ထန်တလန်မြို့၊ အမှတ်(၁)ရပ်ကွက်အတွင်းရှိ နေအိမ်များနှင့် ဆေးရုံနားနေဆောင် ၁ လုံးတို့အား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီး | ၈ |
| ၇ | သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက်ရှိ စာသင်ကျောင်းအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲ | ၉ |
| ၈ | ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများအား စစ်တရားရုံးဖြင့် စစ်ဆေးပြီး ပြစ်ဒဏ်အသီးသီးချမှတ် | ၁၀ |

# Information Sheet

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားများ ကျင်းပပြုလုပ်



**ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့သည့် နှစ်သစ်ကူးသဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားနေမှု**

ဇန်နဝါရီလ ၂ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားများကို ကရင်တိုင်းရင်းသားအများစုနေထိုင်ကြသော ကရင်ပြည်နယ်၊ ဘားအံမြို့နှင့် ကော့ကရိတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မွန်ပြည်နယ်၊ သထုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့တို့၌ ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၊ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားများကို ဒေသအလိုက်ပြုလုပ်ခဲ့ရာတွင် ကျွဲချိုမှုတ်၍ ကရင်ရိုးရာဖားစည်တီးကာ အခမ်းအနားကို ဖွင့်လှစ်ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် နှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက နှုတ်ခွန်းဆက်စကားများပြောကြားခြင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သည့် ကရင်အမျိုးသားနှစ်သစ်ကူးသဝဏ်လွှာအား ဖတ်ကြားခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် ကက်သလစ်ဘုန်းတော်ကြီးများကလည်း နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပါသည်။

ကရင်အမျိုးသားနှစ်သစ်ကူးနေ့တွင် ကရင်လူမျိုးတို့၏ ရှေးခေတ်ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ကရင်ရိုးရာကောက်သစ်စားပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ကျင်းပခဲ့ပြီး ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဒုံးယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ပါသည်။ အခမ်းအနားတက်ရောက်လာကြသူများက ကရင်စာပေနှင့် ယဉ်ကျေးမှုပြခန်း၊ ကရင်တိုင်းရင်းသားရိုးရာပြခန်းတို့အား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁-၂၀၂၂)**

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားများ ကျင်းပပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ









- ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားများကို ကရင်တိုင်းရင်းသားအများစုနေထိုင်သော ကရင်ပြည်နယ်၊ ဘားအံမြို့နှင့် ကော့ကရိတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မွန်ပြည်နယ်၊ သထုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့တို့၌ ကျင်းပခဲ့။
- ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားများကို ကွဲချိုမှုတ်၍ ကရင်ရိုးရာဖားစည်တီးကာ အခမ်းအနားများကို ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် နှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားခဲ့။
- ကရင်လူမျိုးတို့၏ ရှေးခေတ်ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ကရင်ရိုးရာကောက်သစ်စားပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ပြီး ကရင်တိုင်းရင်းသား လူငယ်မောင်ငယ်များက ဒုံးယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



ရွှေတောင်မြို့နယ်တွင် အသက်(၁၈)နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၂ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၂၁,၉၆၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၃၁,၇၈၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဇန်နဝါရီလ ၂ ရက်တွင် ဒုတိယအကြိမ်အဖြစ် ၁,၃၂၄ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၁,၁၆၉ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဇန်နဝါရီလ ၂ ရက်အထိ ကျောင်းသား/သူစုစုပေါင်း ၁,၄၉၈,၈၃၁ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇန်နဝါရီလ ၂ ရက်အထိ လူဦးရေစုစုပေါင်း ၂၀ ဒသမ ၈ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၁၅ ဒသမ ၆ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၅ ဒသမ ၂ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၃၆ ဒသမ ၄ သန်း ထိုးနှံပြီးဖြစ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၂ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၆,၉၀၇ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၉ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၁၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၀၅၅,၈၇၂ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၁,၀၂၅ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၉,၂၇၄ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁-၂၀၂၂)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံများ



မွန်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



မြေပုံမြို့ရှိ ဒေသခံပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



မင်းလှမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသားများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



မြင်းမူမြို့နယ်အတွင်းရှိ ပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၂ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၂၁,၉၆၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၃၁,၇၈၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- ၂-၁-၂၀၂၂ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၄၉၈,၈၃၁ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၂-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၀၅၅,၈၇၂ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၁,၀၂၅ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၇၄ ဦးဖြစ်ပြီး ၂-၁-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၁၄ ရာခိုင်နှုန်းရှိ။

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျဆက်လက်လက်ခံလျက်ရှိ






**နယ်စပ်ဂိတ်အသီးသီးမှ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံဆောင်ရွက်ပေးနေသည့်မှတ်တမ်းဓာတ်ပုံများ**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်အထိ-

- ကချင်ပြည်နယ်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၄၀၇ ဦး။
- ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၂၀၂ ဦး။
- တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၂၄၀ ဦး။
- ရှမ်းပြည်နယ် တာချီလိတ်နယ်စပ်ဂိတ်၊ မူဆယ်နယ်စပ်ဂိတ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်တို့မှ ပြန်လည်ဝင်ရောက်လာသူ ၈၃၈ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့်အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည်များဆောင်ရွက်ပေးခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၂-၁-၂၀၂၂ ရက်အထိ ၅၈,၆၆၈ ဦး ပြန်လည်ဝင်ရောက်လာခဲ့ပါသည်။

**(မြဝတီသတင်းစာ ၃-၁-၂၀၂၂)**

- **၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်အထိ ပြည်ပနိုင်ငံများမှ နေရပ်ပြန်သူစုစုပေါင်း ၁,၆၈၇ ဦးတို့သည် ကန်ပိုက်တီ၊ လွယ်ဂျယ်၊ မြဝတီ၊ ကော့သောင်း၊ တာချီလိတ်၊ မူဆယ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၂-၁-၂၀၂၂ ရက်အထိ ၅၈,၆၆၈ ဦး ပြန်လည်ဝင်ရောက်လာခဲ့။**

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**လဲချားတွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်နေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပန်းခင်းစီမံချက်အား ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၎င်းစီမံချက်မှ မဲဆန္ဒရှင် ၃.၈ သန်းကျော်ကို နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် "ပန်းခင်း" စီမံချက်ဖြင့် ၃-၅-၂၀၂၁ ရက်မှ ၃၀-၁၂-၂၀၂၁ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးပြီးစီးမှုအခြေအနေများမှာ -

| စဉ် | အကြောင်းအရာ | အိမ်ထောင်စုလူဦးရေစာရင်း | | | ကိုင်ဆောင်လက်မှတ် | | |
|---|---|---|---|---|---|---|---|
| | | တရားဝင် အထစ | M အထစ | ပေါင်း | ၃(က) | ၆(က) | ပေါင်း |
| ၁ | မွေးရာပါနိုင်ငံသားများအား ဆောင်ရွက်ပြီးစီးမှု | ၂၅၈,၅၄၃ | ၁၃,၅၀၁ | ၂၇၂,၀၄၄ | ၂၆၆,၇၉၄ | ၁,၀၄၈,၃၂၂ | ၁,၃၁၅,၁၁၆ |
| ၂ | ဥပဒေအရနိုင်ငံ သားများအား ဆောင်ရွက်ပြီးစီးမှု | ၃,၇၁၃ | - | ၃,၇၁၃ | ၄,၈၅၂ | ၂၉,၂၄၆ | ၃၄,၀၉၈ |

**မှတ်ချက်။** ၃(က) = ၁၀နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား
၆(က) = ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား
တရားဝင် အထစ = တရားဝင် အိမ်ထောင်စုစာရင်း
M အထစ = ရွှေ့ပြောင်းအိမ်ထောင်စုလူဦးရေစာရင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ "ပန်းခင်း" စီမံချက် အောင်မြင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၃-၁-၂၀၂၂)**

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေသည့် မှတ်တမ်းဓာတ်ပုံများ













- တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် “ပန်းခင်း” စီမံချက်ဖြင့် ၃-၅-၂၀၂၁ ရက်မှ ၃၁-၁၂-၂၀၂၁ ရက်အထိ အိမ်ထောင်စု လူဦးရေစာရင်းကတ်ပြား စုစုပေါင်း ၂၇၅,၇၅၇ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(ကိုင်ဆောင်လက်မှတ်)စုစုပေါင်း ၁,၃၄၉,၂၁၄ ခု ထုတ်ပေးခဲ့ပြီးဖြစ်။

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၁၃ သန်းကျော်ရရှိ



မြန်မာ့လယ်ယာထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ပဲအမျိုးမျိုးကို အဓိကထားတင်ပို့ပြီး ပြည်တွင်းမှ ပြည်ပပို့ကုန်အနေဖြင့် လယ်ယာထွက်ပစ္စည်းအပြင် တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပစ္စည်းများ တင်ပို့လျက်ရှိပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလ ၂၄ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၁၃ သန်းကျော်ရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁-၂၀၂၂)**

- **မြန်မာ့လယ်ယာထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ပဲအမျိုးမျိုးကို အဓိကထားတင်ပို့လျက်ရှိ။**
- **၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၁၃ သန်းကျော်ရရှိ။**

---

## ထန်တလန်မြို့၊ အမှတ်(၁)ရပ်ကွက်အတွင်းရှိ နေအိမ်များနှင့် ဆေးရုံနားနေဆောင် ၁ လုံးတို့အား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီး

NUG၊ CRPH၊ PDF အကြမ်းဖက်အဖွဲ့မှ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသောနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းကို လုပ်ဆောင်လျက်ရှိရာ-

- ဇန်နဝါရီလ ၁ ရက်တွင် ထန်တလန်မြို့၊ အမှတ်(၁)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် (၁၀)လုံးအပြင် ဆေးရုံရှိနားနေဆောင် ၁ လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး (စုစုပေါင်းခန့်မှန်း ငွေကျပ် ၂၂၅ သိန်းခန့်) ပျက်စီးခဲ့။
- ထန်တလန်မြို့အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇန်န ဝါရီလ ၁ ရက်အတွင်း PDF အကြမ်းဖက်သမားများက (၁၁)ကြိမ်တိုင်တိုင် မီးရှို့ဖျက်ဆီးရာတွင် လူနေအိမ် ၁၆၂ လုံး၊ ဆေးရုံ/နားနေဆောင် ၁ ခု၊ ခရစ်ယာန်

ဘုရားကျောင်း ၃ ကျောင်း၊ ဈေးဆိုင်ခန်း ၇ ခန်း (စုစုပေါင်းခန့်မှန်း ငွေကျပ် ၃,၉၃၈ သိန်းခန့်) ပျက်စီးခဲ့ပါသည်။

အကြမ်းဖက်သမားက ထို့သို့ထန်တလန်မြို့အား (၁၁) ကြိမ်တိုင်တိုင် မီးရှို့ထွက်ပြေးခဲ့ပြီးနောက် မီးငြိမ်းသတ်ရန်လာရောက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးသည့် အသွင်သဏ္ဍာန်များဖြင့် မီးလောင်နေသည့်အိမ်များ၊ နေရာများအား ဒရုန်း(Drone)ဖြင့် ရိုက်ကူးကာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းအမှားများဖန်တီး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုမှ အထင်မြင်လွဲမှားစေရန် ပြည်ပမီဒီယာများနှင့် ချိတ်ဆက်ပြီး သတင်းအတုအယောင်များ လုပ်ကြံဖန်တီးလျက်ရှိပါသည်။

အကြမ်းဖက်အဖွဲ့အစည်းများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများတွင် အကြမ်းဖက်မှုလုပ်ရပ်များကို မကြာခဏ လုပ်ဆောင်၍ လူမှုကွန်ရက်စာမျက်နှာများမှတဆင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိကြောင်း ဝါဒဖြန့်ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးရှိစေရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁-၂၀၂၂)**

- **ဇန်နဝါရီလ ၁ ရက်တွင် ထန်တလန်မြို့၊ အမှတ်(၁)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် (၁၀)လုံးအပြင် ဆေးရုံရှိနားနေဆောင် ၁ လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး (စုစုပေါင်းခန့်မှန်း ငွေကျပ် ၂၂၅ သိန်းခန့်) ပျက်စီးခဲ့။**
- **ထန်တလန်မြို့အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်အတွင်း PDF အကြမ်းဖက်သမားများက (၁၁)ကြိမ်တိုင်တိုင် မီးရှို့ဖျက်ဆီးရာတွင် လူနေအိမ် ၁၆၂ လုံး၊ ဆေးရုံ/နားနေဆောင် ၁ ခု၊ ခရစ်ယာန်ဘုရား ကျောင်း ၃ ကျောင်း၊ ဈေးဆိုင်ခန်း ၇ ခန်း (စုစုပေါင်းခန့်မှန်း ငွေကျပ် ၃,၉၃၈ သိန်း ခန့်) ပျက်စီးခဲ့။**
- **အကြမ်းဖက်သမားက ထို့သို့ထန်တလန်မြို့အား (၁၁)ကြိမ်တိုင်တိုင် မီးရှို့ထွက်ပြေးခဲ့ပြီးနောက် မီးငြိမ်းသတ်ရန်လာရောက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးသည့် အသွင်သဏ္ဍာန်များဖြင့် မီးလောင်နေသည့်အိမ်များ၊ နေရာများအား ဒရုန်း(Drone)ဖြင့် ရိုက်ကူးကာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းအမှားများဖန်တီး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုမှ အထင်မြင်လွဲမှားစေရန် ပြည်ပမီဒီယာများနှင့်ချိတ်ဆက်ပြီး သတင်းအတုအယောင်များ လုပ်ကြံဖန်တီးလျက်ရှိ။**

## သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက်ရှိ စာသင်ကျောင်းအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲ

ဇန်နဝါရီလ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းအနီး၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လက်လုပ်မိုင်းပေါက်ကွဲထားသည့်နေရာ၌ PVC ပိုက် အပိုင်းအစများနှင့် အဆိုပါနေရာ၏ ပေ ၂၀ ခန့်အကွာတွင် PVC ပိုက် ၁ ခုနှင့် ကီးပက်ဖုန်း ၁ လုံးတို့ကို ဝါယာကြိုးဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁ လုံးအား ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော စာသင်ကျောင်းများကို အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲပြီး ကျောင်းသားလူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်လာစေရန် ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိပါသည်။ NUG အဖွဲ့၏ စေခိုင်းချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာ ပညာသင်ကြားနေသော ကျောင်းသား/ ကျောင်းသူများအား ပညာသင်ကြားမှုမပြုလုပ်နိုင်ရေး ယခုကဲ့သို့စာသင်ကျောင်းများအနီး ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်နေခြင်း



**အကြမ်းဖက်သမားများ ထောင်ထားသည့် သိမ်းဆည်းရမိလက်လုပ်မိုင်း**

အပေါ် မိဘပြည်သူများက စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လျက်ရှိပြီး ၎င်းတို့၏ သားသမီးများ အေးချမ်းတည်ငြိမ်စွာဖြင့် ပညာသင်ကြားနိုင်ရေးကို လိုလားလျက်ရှိ ပါသည်။

အထက်ပါဖြစ်စဉ်တွင် ပါဝင်ခဲ့သည့်အကြမ်းဖက်သမားများ ဖမ်းဆီးရမိရေးနှင့် ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၃-၁-၂၀၂၂ )**

- **သာကေတမြို့နယ်၌ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းအနီး၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့။**
- **NUG အဖွဲ့၏စေခိုင်းချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် အေးချမ်းစွာ ပညာသင်ကြားနေသော ကျောင်းသား/ ကျောင်းသူများအား ပညာသင်ကြားမှုမပြုလုပ်နိုင်ရေး ယခုကဲ့သို့စာသင်ကျောင်းများအနီး ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်နေခြင်းအပေါ် မိဘပြည်သူများက စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လျက်ရှိပြီး ၎င်းတို့၏သား၊သမီးများ အေးချမ်းတည်ငြိမ်စွာဖြင့် ပညာသင်ကြားနိုင်ရေးကို လိုလားလျက်ရှိ။**

## ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများအား စစ်တရားရုံးဖြင့် စစ်ဆေးပြီး ပြစ်ဒဏ်အသီးသီးချမှတ်

အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသူများအား ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ပါသည်။

- ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ ယမင်းထက်၊ အောင်နိုင်ဦး(ခ)အိုစမာနှင့် မျိုးမြင့်သန်း(ခ)အသေးလေး(ခ)လင်းယုန်နှင့် မြောက်ဥက္ကလာပမြို့နယ်နေ နန္ဒအောင်လင်း(ခ)လူးဝစ်၊ ဖြိုးကိုကိုစံ(ခ)ကိုပေါက်နှင့် နေအောင်လွင်(ခ)နေကြီး စုစုပေါင်း ၆ ဦးတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေငြာထားသည့်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း လက်နက်နှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ခဲ့ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်လုပ်ဆောင်ခဲ့ခြင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့ ဆက်ကြေးတာဝန်ခံအဖြစ် လုပ်ကိုင်ခဲ့ခြင်း၊ လက်နက်/ခဲယမ်းများ ရောင်းဝယ်ခြင်း၊ လက်ဝယ်ကိုင်ဆောင်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့်လည်းကောင်း။

- အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်နေ ထက်ရှား(ခ) ဘာဘာ၊ ဝင်းသူရ(ခ)သူရနှင့် ဒလမြို့နယ်၊ အန်ကြီးအရှေ့ ရပ်ကွက်နေ ခန့်ဝင်းထွန်း(ခ)ကျော်ကျော်တို့ ၃ ဦးသည် ဆက်သွယ်ရေးတာဝါတိုင်များ၊ စာသင်ကျောင်းများ၊ အစိုးရ ရုံး/ဌာနများနှင့် စက်ရုံများအား မိုင်းထောင်ဖောက်ခွဲခြင်း များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား သတ် ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့်လည်း ကောင်း။
- အထက်ပါတရားခံ ၉ ဦးတို့အား စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)၊ ၅၀ (က)နှင့် ၅၀ (ည)တို့အရ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်တွင် ၎င်းတို့အား "ထောင်ဒဏ်တစ်သက် " ပြစ်ဒဏ်အား အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီသတင်းစာ ၃-၁-၂၀၂၂)**

## အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ခြင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကြောင့် "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ် အမိန့်ချမှတ်ခံရသည့် တရားခံများ



တရားခံ ယမင်းထက်



တရားခံ အောင်နိုင်ဦး



တရားခံ ဖြိုးကိုကိုစံ



တရားခံ နေအောင်လွင်



တရားခံ နန္ဒအောင်လင်း



တရားခံ မျိုးမြင့်သန်း



တရားခံ ခန့်ဝင်းထွန်း၊ ဝင်းသူရနှင့် ထက်ရှား

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ခဲ့ခြင်း၊ အစိုးရရုံး/ဌာနများနှင့် စက်ရုံများအား မိုင်းထောင်ဖောက်ခွဲခြင်းများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား သတ်ဖြတ်ခြင်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲပြောဆိုသတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သူ ၉ ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ဈ)၊ ၅၀ (က)နှင့် ၅၀(ည)တို့အရ "ထောင်ဒဏ်တစ်သက် " ပြစ်ဒဏ် အမိန့်ချမှတ်ခဲ့။**